**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

## ကရင်ရိုးရာဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားသို့ ပေးပို့သော ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သဝဏ်လွှာ

နေ့စွဲ - ၂၇၅၉ခုနှစ်၊ လါးခူ လပြည့်(၁၅)ရက်၊
- စက်တင်ဘာလ(၂)ရက်၊ ၂၀၂၀ခုနှစ်။

ကရင့်သက္ကရာဇ် ၂၇၅၉ ခုနှစ်၊ လါးခူ  လပြည့်နေ့၊ ယနေ့ ဝါခေါင်လပြည့်(၁၅)ရက်၊ ခရစ်နှစ် ၂၀၂၀ ခုနှစ် စက်တင်ဘာလ(၂)ရက်နေ့သည် ကရင်အမျိုးသားများ၏ ကရင့်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပသောနေ့ ဖြစ်ပါသည်။ ဤဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာနေ့ အခါသမယတွင် ကရင်အမျိုးသားများအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာပြီး ဘေးရန်ခပ်သိမ်း ကင်းဝေးကြစေလိုကြောင်းနှင့် မိမိတို့၏ ဤကရင်ရိုးရာ ချည်ဖြူဖွဲ့ မင်္ဂလာ ပွဲတော်နေ့ကို ကရင်အမျိုးသားများအားလုံး ကရင်အမျိုးသားရေး စိတ်ဓါတ်၊ ကရင်အမျိုးသားများ၏ ဂုဏ်သိက္ခာ အင်္ဂါရပ်များအပြည့်အဝဖြင့် Covid19 ကာလ ကျန်းမာရေးဆိုင်ရာ ဆောင်ရန်/ ရှောင်ရန် စည်းကမ်းသတ်မှတ်ချက်များ နှင့်အညီ စုစုစည်းစည်းညီညီညွတ်ညွတ် စည်းလုံးညီညွတ်စွာဖြင့် ကျင်းပပြုလုပ် နိုင်ပါစေကြောင်း  ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ ဆန္ဒပြုဆုမွန်ကောင်းတောင်း လိုက်ပါသည်။

ချည်ဖြူဖွဲ့မင်္ဂလာ ဝါခေါင်လ လက်ချည်ပွဲတော်သည် ဘာသာတရား၏ ယုံကြည်မှုနှင့်ဘာသာရေးကို အခြေခံသော ပွဲတော်မဟုတ်ပေ၊ ယခုခေတ်ကါလမှပေါ်ပေါက်လာသော ယဉ်ကျေးမှုလည်း မဟုတ်ဘဲ မိမိတို့ ကရင်လူမျိုးတို့နှင့်အတူ ဘိုးစဉ်ဘောင်ဆက် ပါရှိလာသည့် မွန်မြတ်၍တန်ဖိုးရှိသော ဓလေ့ထုံးတမ်းအစဉ်အလာနှင့် ရိုးရာယဉ်ကျေးမှု တရပ်ဖြစ်ပါသည်။ ကရင်အမျိုးသားများ၏ ချည်ဖြူဖွဲ့ မင်္ဂလာပွဲတော် အခမ်းအနားကို ဝါခေါင်လပြည့်နေ့တွင် ကျင်းပပြုလုပ်သည် ဖြစ်၍ ဝါခေါင်လ(ဝါ)လာခူ လက်ချည်ပွဲတော် ဟုလည်း ခေါ်ဝေါ်လေ့ရှိသည်။

ကရင်အမျိုးသား ရိုးရာယဉ်ကျေးမှု ချည်ဖြူဖွဲ့မင်္ဂလာ လက်ချည်ပွဲတော်သည် ကရင်အမျိုးသားများတို့သည် မိမိတို့ ဖြတ်သန်း လာခဲ့ရသော သမိုင်းကြောင်းဖြတ်သန်းမှုများအရ အသက်မွေးဝမ်းကြောင်းနှင့် နေထိုင်ရာ အရပ်ဒေသကွဲပြားမှုများတို့ကြောင့် နေရာဒေသအသီးသီးတို့တွင် ပြန့်ကျဲနေထိုင်ကြသော ကရင်အမျိုးသားများတို့အနေဖြင့် မိမိတို့၏ မျိုးနွယ်စုများ၊ မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများတို့မှ ပြန်လည်တွေ့ဆုံစုစည်းကာ အတူတကွပျော်ရွှင်စွာ လက်ချည်ပေးခြင်းအားဖြင့် မိသားစု၊ ဆွေမျိုးသားချင်းများ နှင့် ဝေးကွာနေကြသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ (ရုပ်၊နာမ်) နှစ်ခုစလုံးကို ပြန်လည်စုစည်းပေါင်းစပ်ပေးပြီး မိမိလူမျိုး၊ မိသားစုများ ဆွေမျိုးသားချင်းများနှင့်အတူ ရုပ်နာမ်အရ အတူတကွပြန်လည်ရှိနေစေခြင်း၊  မျိုးချစ်စိတ်နှင့်စည်းလုံးညီညွတ်မှုအတွက် ဖော်ထုတ်  လုပ်ဆောင်ပေးသည့်  အနှစ်သာရရှိသောပွဲတော်တရပ်ဖြစ်ပေသည်။ ကရင်အမျိုးသားများအနေဖြင့် ကရင်မျိုးနွယ်စုများနှင့် မိသားစု များ သိကျွမ်းကြပြီး နွေးထွေးမှုများ ရရှိစေရန် နှင့် မိဘဘိုးဘွားများ၊ သက်ကြီးရွယ်အိုများ၊ ခေါင်းဆောင်များတို့၏ သွန်သင်၊ ဆုံးမ ဩဝါဒ စကားများတို့ကို မှာကြားနာယူမှုများဖြင့် ချည်ဖြူဖွဲ့ လက်ချည်ပေးကြကာ တစည်းတလုံးနှင့်တစ်စိတ် တစ်ဝမ်းတည်းရှိကြောင်း ညီညီညွတ်ညွတ်ဖြင့် ရင်းနှီးချစ်ကြည်စွာ ထုတ်ဖော်ပြသသည့် အမှတ်သင်္ကေတ မင်္ဂလာပွဲတော်ကြီးလည်း ဖြစ်ပါသည်။

ထို့အတွက်ကြောင့် ပြည်တွင်းပြည်ပ နေရာအနှံ့  အပြားတို့တွင် ရောက်ရှိနေထိုင်ကြသော  ကရင်အမျိုးသားများတို့အနေဖြင့် ကရင်ရိုးရာလက်ချည်ပွဲတော်ကို မိမိတို့၏ ထုံးတမ်းဓလေ့ ယဉ်ကျေးမှု ပွဲတော်တရပ်အနေဖြင့် စုစု စည်းစည်း စုပေါင်းဖော်ထုတ်ပြသ၍ ထိန်းသိမ်းလုပ်ဆောင်သွားရမည်ဖြစ်သည်။

ဝါခေါင်လ(လားခူ)ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားတွင် ပါဝင်အသုံးပြုသည့် အဆောင်အယောင် ပစ္စည်း (၇)မျိုး ဖြစ်ကြသော ထမင်းဆုပ်၊ ကောက် ညှင်းထုပ်၊ ငှက်ပျောသီး၊ ကြံ၊ ပန်း၊ ရေ နှင့် ချည်ဖြူ တို့သည် ကရင်အမျိုးသား တို့၏ ရှိခဲ့ကြသည့် အမျိုးသားလက္ခဏာဂုဏ်အင်္ဂါရပ်များ ဖြစ်သော စည်းလုံးညီညွတ်ခြင်း၊ ဖြောင့်မတ် မှန်ကန်ခြင်း၊ စိတ်ဆန္ဒပြင်းပြခြင်း၊ ဖွဲ့လုံ့လဝိရိယ ရှိခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ ရဲရင့်ခြင်း၊ မျိုးချစ်စိတ်ရှိခြင်း၊ အမှန်တရားကို မြတ်နိုး တန်ဘိုးထားခြင်း၊ မိမိကိုယ်မိမိ ယုံကြည်မှု ရှိကြခြင်းနှင့် ငြိမ်းချမ်းရေးကို ချစ်ခင်မြတ်နိုးခြင်းတို့ဖြစ်သည်။ ထိုအမျိုးသား ဂုဏ်အင်္ဂါရပ်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ရှင်သန်တိုးတက်နိုင်ရန်အတွက် မိမိတို့ ကရင်အမျိုးသား အယောက်စီတိုင်း သည် ထိုအင်္ဂါရပ်များကို ချစ်မြတ်နိုးတန်ဘိုးထားကြပြီး စုပေါင်းအင်အားဖြင့် ထိန်းသိမ်းမြင့်တင် ကြရ မည် ဖြစ်ပါသည်။

သို့ဖြစ်၍ ကရင်အမျိုးသားများနှင့် ဆက်နွယ်ပါတ်သက်လာသည့် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အခြေခံ သော ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းတရပ်ဖြစ်သည့် ဝါခေါင်လ(လားခူ)ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကို မိမိတို့သည် လူမျိုး တမျိုးဖြစ်သည်နှင့်အညီ လူမျိုးတမျိုး၏ဂုဏ်သိက္ခာ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို လူမျိုးတဦးချင်းစီတိုင်းတို့မှ ချစ်ခင်မြတ်နိုး တန်ဘိုးထားပြီး အစဉ်ခိုင်ခန့်တည်မြဲစွာရှိနေစေရန်အတွက် ထိန်းသိမ်းလိုစိတ် ရှိနေခြင်းကို စုပေါင်း ဖေါ်ထုတ်ပြသရန် လည်းလိုသည်။

ထိုသို့အစဉ်သဖြင့် ထိန်းသိမ်းဖော်ထုတ်လုပ်ဆောင်သွားနိုင်ရန်မှာ ကရင်အမျိုးသားများအနေဖြင့် မိမိတို့ကံကြမ္မာ၊ မိမိတို့ ဖန်တီးနိုင်ခွင့်၊ အမျိုးသားတန်းတူရေး နှင့်ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့်တို့ ရရှိရေးသည် အရေးကြီးလှသည်၊ လက်ရှိတွင် ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် မိမိတို့အမျိုးသားများအတွက် အမျိုးသားရေးမျှော်မှန်းချက်၊ နိုင်ငံရေး ဆန္ဒ တို့ရရှိရေးအတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာသည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ များမှ တဆင့် ဆွေးနွေးလျက်ရှိသည်။ နောက်ဆုံးဆွေးနွေးမှုဖြစ်စဉ်အရ မိမိတို့လိုချင်သည့် မိမိကံကြမ္မာမိမိတို့ဖန်တီးခွင့်၊ အမျိုးသားတန်းတူရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင့် တို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှတဆင့် နိုင်ငံရေး ဆွေးနွေးမှုများ တို့ကို ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင် သွားမည်ဖြစ်သည်၊ ထိုသို့ ဆွေးနွေးသွားရမည့်လုပ်ငန်းစဉ်များတွင် ပါဝင်ဆွေးနွေးကြရမည့် သက်ဆိုင်သည့် Stakeholder များတို့၏ နိုင်ငံရေး ဆန္ဒသည်လည်း အရေးကြီးလှသည်ဖြစ်၍ နိုင်ငံရေးဆန္ဒများရှိကြရန်လည်း တိုက်တွန်းအပ်ပါသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် ကရင်အမျိုးသားထုတရပ်လုံး၏ အမျိုးသားရေး အသိ စိတ်ဓါတ် အပြည့်အဝ ရရှိကြစေရန်နှင့် မိမိတို့လိုလားတောင့်တသော မျှော်လင့်ချက်များ၊ အမျိုးသားရေး မျှော်မှန်းချက် များ၊ နိုင်ငံရေး လိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ဆန္ဒပြုရင်းဖြင့် ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်